ဗိုလ်ချုပ်တို့နှင့်အတူကျဆုံးခဲ့သော

( မိုင်းပွန်စော်ဘွား )

# စဝ်စံထွန်း

စာပေစဉ်(၁)

ရန်ကုန်တက္ကသိုလ်ရှမ်းစာပေမြှင့်တင်ရေးအသင်း

## ဗိုလ်ချုပ်တို့နှင့် အတူ ကျဆုံးခဲ့သော

## မိုင်းပွန်စော်ဘွား

# စဝ်စံထွန်း

A

ပဋ္ဌမနှိပ်ခြင်း အုပ်ရေ-၃၀၀၀
နယဉ်ပုံနှိပ်တိုက်၊ ၁၁-လန်ကက်စတာလမ်း၊ ရန်ကုန်မြို့။
၁၉၅၆-ခု၊ အောက်တိုဘာလ

ခေတ္တ ရန်ကုန်မြို့။
အောက်တိုဘာ ၅ ရက်၊ ၁၉၅၆။

ဥက္ကဋ္ဌနှင့်
အတွင်းရေးမှူး
ရှမ်းစာပေမြှင့်တင်ရေးအသင်း
ရန်ကုန်တက္ကသိုလ်
ရန်ကုန်မြို့။

ခင်ဗျား၊

စက်တင်ဘာ ၁၇·ထ-၃၉/၅၆ စာအရ မိုင်းပွန်စဝ်စံထွန်းဖြစ်စဉ်ကို ရှမ်းစာပေ မြှင့်တင်ရေး အသင်းမှ စာအုပ်အဖြစ် တာဝန်ယူ ရိုက်နှိပ်ရန် ဆုံးဖြတ်ကြောင်း သိရှိရ၍၊ အသင်း၏ဆုံးဖြတ်ချက်ကို များစွာပင်လေးစားပြီး၊ အထူးဂုဏ်ယူမိပါသည်။

စာပေ ယဉ်ကျေးမှု ခေါင်းဆောင်တို့၏ ဆန္ဒအတိုင်း၊ ကျွန်တော်ပိုင် မိုင်းပွန်စဝ်စံထွန်း၏ ဖြစ်စဉ်စာမူကို၊ ရှမ်းစာပေမြှင့်တင်ရေးအသင်း(ရန်ကုန်တက္ကသိုလ်)သို့၊ ပထမနှိပ်ခြင်းအတွက် လိုက်လှဲစွာဖြင့် လှူဒါန်းပါသည်။

အောင်မြင်ပါစေ

## အမှာ

ခရစ်သက္ကရာဇ် ၁၅၆၁ ခုတွင်၊ ဟော်လန်နိုင်ငံသည် စပိန်တို့၏ လက်အောက်ခံဖြစ်ခဲ့သည်။ စပိန်ဘုရင် ဒုတိယ ဖိလစ် ( Phillip II ) သည်၊ ဟော်လန်ကို မယ်မယ်ရရ မအုပ်ချုပ်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ဒတ် (ချ) လူမျိုး (ဟော်လန်ပြည်သား) များသည်၊ လွတ်လပ်ရေးကို မြတ်နိုးသောကြောင့်တည်း။ ဝီလျံ အော့ဖ် အောရင်း(ချ) ( Wilham of Orange ) သည်၊ ဒတ် (ချ) လူမျိုးကို ခေါင်းဆောင်၍၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့၏။ သို့သော် ဝီလျံ၏ကြိုးပမ်းမှုသည် အဆုံးမသတ်နိုင်ခဲ့ပေ။ ၁၅၈၄ ခု၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် ဒုတိယ ဖိလစ် ဘုရင်၏လက်ပါးစေတဦးက လုပ်ကြံ၍ သတ်ဖြတ်ခဲ့သည်။ သို့သော် ဟော်လန်နိုင်ငံကား ယနေ့တိုင် ကိုယ့်မင်း ကိုယ်ချင်းနှင့် လွတ်လပ်စွာ နေနိုင်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏သမတကြီး အီဘရဟင် လင်ကွန်း ( Abraham Lincoln ) သည်၊ တောင်ပိုင်းနှင့် မြောက်ပိုင်း ကွဲပြားနေသော အမေရိကန် ပြည်ထောင်စု ကို၊ ပြန်လည် ပူးပေါင်းနိုင်အောင် ကြိုးပမ်းရာတွင် အောင်မြင်ခဲ့သည်။ အောင်မြင်ပြီး ၆ ရက်အကြာ၊ ၁၈၆၅ ခု၊ ဧပြီလ ၁၄ ရက်နေ့တွင် ဖို့ဒ်ကပွဲရုံ (Ford's Theatre) ၌ ပွဲကြည့်နေစဉ်၊ နယ်ခြံလက်ပါးစေတဦး၏ချောင်းမြောင်း ပစ်ခတ်ခြင်းကိုခံခဲ့ရသည်။ သို့သော် အမေရိကန် ပြည် ထောင်စုသည် ယနေ့တိုင် ထိပ်တန်း၌ တည်မြဲလျက် ရှိသည်။

အိန္ဒိယ အမျိုးသား ခေါင်းဆောင်ကြီး မဟာတ္တမဂန္ဒီ

# အမှာ

(Mahatma Gondhi) သည်၊ လူဦးရေ သန်းပေါင်း ၅၀၀ အတွက် ကျွန်ဘဝမှ လွတ်မြောက်ရန် ဦးဆောင်တိုက်ပွဲဝင်ခဲ့သည်။ သို့သော် သူ၏ မျှော်မှန်းရာဖြစ်သော လွတ်လပ်ရေး၏ အရသာကို မခံစားရခင် ၁၉၄၈ ခု၊ ဇန္နဝါရီလ ၃၀ ရက်နေ့တွင် နယ်ချဲ့သမားလက်ပါးစေ၏ သတ်ဖြတ်မှုကိုခံခဲ့ရသည်။

ဤကား....ကမ္ဘာ့ရာဇဝင်မှကဏ္ဍအချို့၏အကျဉ်းတည်း။

၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီခွဲ အချိန်မှစ၍ မဟာတ္တမဂန္ဒီ၏ ဖြစ်ရပ်ကဏ္ဍထက်စောစွာ ကမ္ဘာ့ရာဇဝင်တွင် ဖြစ်ရပ်ကဏ္ဍတခု တိုးခဲ့သေးသည်။

လူဦးရေ သန်းပေါင်း ၂၀ ၏ လွတ်လပ်မှုအတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့်မျိုးချစ်ပုဂ္ဂိုလ်တစုသည်အသက်နှင့် လဲလှယ်ခဲ့ကြ၏။ ဗိုလ်ချုပ်နှင့်အတူ ကျဆုံးသွားရှာသော မိုင်းပွန်စော်ဘွား စဝ်စံထွန်းသည်၊ လွတ်လပ်ရေး ဗိမာန်ကို တည်ဆောက်ရာတွင် ဗိသုကာကြီးတဦးအဖြစ် ပါဝင်ခဲ့သည်။ ပြည်ထောင်စု မြန်မာနိုင်ငံကို ကမ္ဘာက အသိအမှတ်ပြုအောင် ပို့ဆောင်ခဲ့ရာတွင် စဝ်စံထွန်း ပါဝင်ခဲ့၏။ ပြည်ထောင်စုအလံသည် ကမ္ဘာ့ကုလသမဂ္ဂ အဆောက်အဦရှေ့တွင် အခြားသော အလံများနှင့် ရင်ဘောင်တန်းလျက် မားမားမတ်မတ် လွင့်ထူနိုင်ခြင်းသည် ခေါင်းဆောင်ကြီးများ၏ ကြိုးပန်းမှုမှ ပေါက်ဖွားခဲ့သည်။ ခေါင်းဆောင်ကြီးများသည် ပြည်သူ လူထုအား လွတ်လပ်ရေး၏ မျိုးစေ့ကို ချ၍ပေးခဲ့ကြ၏။ ပြည်ထောင်စု၏ လွတ်လပ်ရေးကား ယနေ့တိုင် တည်မြဲနေပေသည်။

# အမှာ

ခေါင်းဆောင်ကြီးများသည်၊ ပြည်ထောင်စု အကျိုးအတွက် တာဝန်ကြေပြွန်စွာထမ်းဆောင်သွားခဲ့ကြသည်။ စဝ်စံထွန်းသည်လည်း အသက်ပေး၍ အမျိုးသားအကျိုးအတွက် ကြိုးစားခဲ့သည်။ သူ၏ ကြိုးစားမှုသည် တောင်တန်း ပြည်မ ချစ်ကြည်ရေးအတွက် များစွာ အထောက်အကူပြုခဲ့သည်။ အမျိုးသားခေါင်းဆောင်ကို နှမြောတသရင်းကျန်ရှိနေသော ကျွန်ုပ်တို့ကိုယ်စီတွင်တာဝန်ရှိကြ၏။

" ဗိုလ်ချုပ်သာ ရှိခဲ့လျှင်၊ ပြည်ထောင်စုတွင် ဤမျှသောင်းကြမ်းမှုမပေါ်ပေါက်နိုင်"ဟု ကျွန်ုပ်တို့ဆိုကြ၏။ "စဝ်စံထွန်းသာရှိခဲ့လျှင်၊ ရှမ်းပြည်ကြီး ဤအခြေထက်တိုးတက်နေပေမည်"ဟု ကျွန်ုပ်တို့ ဆိုကြ၏။ ဤသို့ဆိုခြင်းသည် ခေါင်းဆောင်ကြီးများအား တမ်းတခြင်းသာမည်ပေတော့မည်။ လွန်ခဲ့ပြီးသော အချိန်ကို ပြန်ယူ၍မရစကောင်းပါပေ။ ခေါင်းဆောင်ကြီးများချမှတ်ခဲ့သောလမ်းစဉ်ကို လိုက်နာခြင်းသည် ၎င်းတို့အား ကြည်ညိုရာရောက်၏။ ခေါင်းဆောင်ကြီးများ တည် ဆောက် ပေးသော လွတ်လပ်ရေးဗိမာန်ကို ထိန်းသိမ်း၊ စောင့်ရှောက်ခြင်းသာလျှင် အပြုသဘောမည်၏။ ကျွန်ုပ်တို့အချင်းချင်းသွေးစည်းညီညွတ်ကြရန် များစွာအရေးကြီးသည်။

လွတ်လပ်ရေးအတွက် အသက်ဆုံးရှုံးကြရှာသောခေါင်းဆောင်ကြီးများထဲတွင်စဝ်စံထွန်းသည်တယောက်အဝင်အပါဖြစ်ခဲ့၏။ စဝ်စံထွန်းအား ကျွန်ုပ်တို့သိကြလို၏။ ပြည်ထောင်စုအတွက် သူ၏ လုပ်ငန်း ဆောင်တာများ၊

ကြိုးစား ဆောင်ရွက်ချက်များကို လေ့လာ မှတ်သားရန် များစွာလိုပေသည်။

ထို့ကြောင့် စဝ်စံထွန်း၏ အတ္ထုပ္ပတ္တိကို ရှမ်းပြည် စော်ဘွား တဦး၏ အနေထက် ပြည်ထောင်စု၏ ခေါင်းဆောင်ကြီးတဦးအနေဖြင့် ကျွန်ုပ်တို့ထုတ်ဝေရပေသည်။ ပထမနှိပ်ခြင်းအဖြစ် ဤစာအုပ်ငယ်၌ လုံးဝဥဿုံ ပြည့်စုံပြီဟု ကျွန်ုပ်တို့ မယူဆပေ။ လူတဦး၏အမြင်နှင့် အရေးအသားသာ ဖြစ်ပေသည်။ ပိုမိုပြည့်စုံ၍ ခန့်ငြားသော အတ္ထုပ္ပတ္တိစာအုပ်များ ထပ်မံထွက်ပေါ်လာမည်ဆိုလျှင် ဝမ်းမြောက်စွာ လက်ခံကြိုရပေမည်။

ဤစာအုပ် ထုတ်ဝေနိုင်ရန် စာမူ ပေးလှူရုံတင်မက၊ စာအုပ်ရိုက်ပြီးသည်အထိ အစစ အရာရာ ကူညီခဲ့သော ဦးသန်းရွှေ(ညညီ) အား၊ များစွာကျေးဇူးဥပကာရ တင်ရှိကြောင်း မှတ်တမ်းတင်ရပေဦးမည်။ ကျွန်ုပ်တို့အသင်းနှင့် ကိုက်ညီသော အလားတူ စာမူမျိုးများ ထပ်မံလက်ခံရရှိလျှင်လည်း ရွှင်လန်းစွာ လက်လှမ်း ကြိုဆိုရပေမည်။

ဤစာအုပ်ကို မည်ရွေ့ မည်မျှဟူ၍ အဘိုးအခ သတ်မှတ်မထားပေ။ နိုင်ငံက ကူညီကြသည့်အမျှ ရခဲ့သော အမြတ်အစွန်းငွေများကို စဝ်စံထွန်းအတွက် အမှတ်တရ ဖြစ်စေရန် ကျောက်တိုင်တခု တည်ဆောက်နိုင်သည့် အထိ ရည်စူးပါ၏။

စဝ်စံထွန်း၏ အတ္ထုပ္ပတ္တိ ထွက်ပေါ်ခဲ့ခြင်းသည် စဝ်စံထွန်းအတွက် ကျွန်ုပ်တို့ ပထမဆင့် လုပ်အား၏ အနှစ်သာရပင်ဖြစ်သတည်း။

# " ဥဒါန်းမကြေ "

## ( ၉ – နှစ်မြောက် အထိမ်းအမှတ် )

☆ မျိုးမြန်မာ – လူထုတွေရဲ့၊
ဆိုးကြမ္မာ – ပူစရာ-ပြုံက၊
ကိုယ်ကျိုးရှာ – လူမသမာတစုရယ်ကြောင့်၊
ပြည့်မျက်ခြယ် – ခေါင်းဆောင်စစ်တွေနဲ့၊
မျိုးချစ်သူ – စစ်စံထွန်းရယ်၊
ယွန်းခဲ့ရ – မရဏာဆီ။ ။

☆ ဘဝင်မှာ – နာကျည်းစရာပေါ့၊
မရှင်သာ – ဗျာပါဒီးတွေနဲ့၊
ကြိမ်စီးကို – အပူအုံးသည်သို့၊
ယူကြုံး – ဖြေမချိနိုင်ဘု၊
ခွေယိုယိုင် – ပြိုကာလဲမလိုပ၊
( သြော် ) – ငိုပွဲဖြင့်ဆင်ရပြီ။ ။

☆ ပြုမူအားပါပေရဲ့၊
လူသားဘယ်မဆန်ပါကလော့း၊
"မတန်ရာ – လုပ်ရက်လေခြင်း" ရယ်လို့၊
ဟင်းချကာ – ငိုမဆုံးနိုင်ဘု၊
တပြည်လုံး – ပူဗွေသီ၊
မကြည်တဲ့မခနော။ ။

☆ အသက်ကိုဆယ်ပြန်လဲချင်ငဲ့၊
ဇွန်ကဲ – သဒ္ဓါစင်နဲ့၊
ခါခါပင် – လူ့ရွာစခမ်းရယ်က၊
ရင်ထုသော် – မနာစတမ်းပေပ၊
ဥဒါန်းရယ်မကြေနိုင်ကြတယ်၊
( အမယ်မင်း ) တ-သ-နှမြော။ ။



စဝ်စံထွန်း

# စဝ်စံထွန်း—အတ္ထုပ္ပတ္တိ

* * *



စဝ်စံထွန်း နောက်ဆုံးနေသွားသည့် ရွှေတောင်ကြားလမ်း
အိမ်နံပါတ် ၃၁။

၁၉၄၇ခု ဇူလိုင်လ ၁၉ ရက်နေ့။

ရန်ကုန်မြို့၊ ရွှေတောင်ကြားလမ်း၊ အိမ်နံပါတ် ၃၁ (မိုင်းပွန်စော်ဘွား စဝ်စံထွန်း)နေအိမ်အပေါ်ထပ် ကြမ်းပြင် အရှေ့ထောင်ထောင့်တွင်၊ ထောင်နေကျ အလံတိုင်ကိုမြှိုထားရာ၊ လေလည်းမတိုက်၊ ထိခိုက်မှုလည်း မရှိဘဲလျက်၊အလံတိုင်သည် ရုတ်တရက်လဲကျသွား၏။ ရှေ့သို့

လည့်းမလဲ။ အဘယ်ကြောင့် နောက်ရင်းကို ပြန်၍ လဲဘိသနည်း။ ဆန်းကျယ်လှချည်လား။

ထိုကြောင့် အိုက်လွှန်း(ကိုယ်ရံတော်)က ''အလံ လွှန့်ကွာနေမား''ဟု ရှမ်းဘာသာဖြင့် ဆိုလိုက်သည်ကို၊ ကုန်ဝါရက ''လဲသွားရင် သူ့နေရာမှာပြန်ထားပေါ့''ဟု ဆိုနေကြသည်။

ဤအချင်းအရာကို တွေ့မြင်ရသော မိုင်းပွန်စော်ဘွားကြီး၏ သက်တော်စောင့် အိုက်ကျန်သည် စိတ်ထဲ ထင့်ကနဲ့ဖြစ်သွား၍ ရင်တွေတုံလာသည်။

'' နက်ဖန် မနက် ၉ နာရီ ရုံးကို အရေးကြီး ကိစ္စနဲ့ သွားစရာရှိတယ်။ရေနွေးတို့ဘာတို့စောစောစီးစီးထလုပ်ကြ''ဟု မနေ့ညက လဲလျောင်းလျက် စာဘတ်နေသော မိုင်းပွန်စော်ဘွားကြီးအား နှိပ်ပေးစဉ် ပြောသွားသည့် စကားကိုပြန်၍အမှတ်ရလာသည်။

''အိုက်ကျန်-အိုက်ကျန် ငါ ၉နာရီမှာ ရုံးကိုသွားစရာကိစ္စကြီးရှိတယ်၊ ငါ ထိပ်လဲ နေမကောင်းဘူး၊ စားစရာဘာရှိတုန်း''ဟု ပြောပြောဆိုဆို မိုင်းပွန်စော်ဘွားကြီးသည်၊ ပေါင်မုန့်မီးကင် ဘီစကွတ်နှင့် ကိတ်မုန့် တို့ကိုမျက်စောင်းထိုးပြီး မစားမူဘဲ ကော်ဖီတခွက်ကို ကိုယ်တိုင် ဖျော်၍မော့ချပြီး၊ ''အိုက်ကျန် ဆန်ပြုတ် ပြုတ်ကွာ'' ဟု ခိုင်းလိုက်သည်။

ထိုနောက် ထမင်းစားခန်းထဲတွင် ရောက်ရှိလာသော ဒေါ်လှထယ် (အသံလွှင့်ဌာန၊ ရှမ်းဘာသာတာဝန်ခံ) နှင့် စကားပြောဆိုနေကြသည်။

စော်ဘွားကြီးက "မလှထယ် ကျုပ် ဘာဖြစ်တယ် မသိဘူး၊ ခေါင်းကိုက်နေတယ်၊ တခါမှ ဒီလိုမဖြစ်ဘူးဘူး၊ သိပ် နေဆိုးနေတယ်၊ ဒီနေ့လဲ သိပ်အရေးကြီးကိစ္စနဲ့ ရုံးကို သွားရမယ်၊ ခေါက်ဆွဲစားချင်တယ်"

"စောပျို (အကိုတော်) သည့်လိုဆိုရင်ကျမခေါက်ဆွဲ သွားပြင်ထားမယ်လေ"

"အေး- ၁၁ နာရီလောက်ကိုလာစားမယ် မလှထယ်"

အိုက်ကျန်သည် ဆန်ပြုတ်ခွက်ကိုကိုင်၍ မီးဖိုချောင်မှ အိမ်ပေါ်သို့တက်လာရာ၊ ဒေါ်လှထယ်နှင့် စကားပြောဆို နေသော စော်ဘွားကြီးကို မတွေ့ရတော့ပေ။ အသက် ၂၀ နှစ်အရွယ်ရှိ ရှမ်းလုလင်ပျို အိုက်ကျန်မှာ "မပြော မဆိုနဲ့ ထွက်သွားဖြန်ပါပြီ၊ သခင်ကြီး စားချင်တဲ့ဆန်ပြုတ် မစားသွားရဘူး၊ ခါတိုင်း အိုက်ဘကျန် ကားပေါ် တင်ပေး နေကျ စာချင်း၊ လင်မနစ်ပုလင်း၊ ရေပုလင်း၊ ဖလ်ခွက် တွေကို ဒရိုင်ဘာလှမောင်ကိုဘဲတင်ခိုင်းတော့တယ် ထင် ပါရဲ့၊ သည့်လိုချည်းဘဲ" ဟု ရွတ်ဆိုပြီး အရင်ကအဖြစ် အပျက်ကို ပြန်၍အမှတ်ရလာ၏။

တညသော် သက်တော်စောင့် အိုက်ကျန်သည်၊ မိမိ သခင် စော်ဘွားကြီး ပျောက်၍ လိုက်ရှာရာ၊ အသံလွှင့်ရုံ

တွင်၊အသံလွှင့်ရန် ဒေါ်လှထယ်နှင့် စီစဉ်နေသည်ကိုတွေ့ရ၏။ အသံလွှင့်အပြီးတွင်-

''ဒိုက်ဘျန်-မင်းဘာဖြစ်လို့လိုက်လာသလဲ''

''စိတ်မချလို့လိုက်လာပါတယ်၊သည့်လိုတယောက်ထဲ လာတာမကောင်းပါဘူး''

''ဒို ငါတိုင်းပြည့်ကြီးကောင်းကျိုး လုပ်နေတာဘဲ'' ဟု ပြုံးပြုံးကြီးနှင့်ပြန်ပြောပြပေသည်။

' နောက်ပြီး ရှမ်းပြည်က လိုင်စင်နဲ့ ယူလာတဲ့ကာဘိုင်းဘာလက်၊ ခြောက်လုံးပြူး တလက်၊ အမေရိကန်ဂျွန်ဆ တလက်ကို မြန်မာပြည့်ခ သိုင်စင်မယူရသေးဘူး၊ ငါကိုယ်တိုင်နံပါတ်ယူမယ်ဆိုပြီး၊ ဘီဒိုထဲမှာဘဲ ထောင်ထားခိုင်းတယ်''

''အော်........ငါဘယ်အချိန်ပြန်လာမယ်ဆိုပြီး မှာနေကျဟာ ဒီနေ့ကျတော့မမှာခဲ့ပါဘလား''

*　　*　　*

ဗိုလာ၊ ပွန်သိတာ၊ မြောင်းကာဆီးနေသော၊ မိုင်းပွန်နယ် ဒေသတွင်ကား၊ ထိုအချိန်၌ လွိုင်မိုင်၊ လွိုင်လန်၊ လွိုင်ကမ်းမားများပြိုကျသည့်ပြင်။ခိုင်းပွန်အချုပ်ထောင်ကြီးမှာ ထုံးဆန်းစွာပြိုပြန်၏။ အမြဲတစေ ကြည့်လင်နေသော နောင်ချိုကန်မှာလည်း၊ မိုးမရွာဘဲသျက် နီရဲသောအဆင်းကိုပြသျက် နောက်ကျိနေ၏၊ကျောင်းကြီးဘကောင်သည် မိုင်းပွန်မြို့နယ်ဘိုပတ်၍ ခနေ့ရောညပါ ပါဟိန်းဟောက်

သံ ပေးနေပေသည်။ ထိုသို့ အချင်းအရာကြောင့် တိုင်းရေးပြည်ရာမည်သို့ ဖြစ်နေသနည်းဟူသော ဇာတ်ဓာဖြင့် ကန့်တော့ပွဲပေးလျက်၊ ပန်ဆရာခေါ် ဝါး ဗေဒင်ဆရာသည် ဟွေးတောက်ရွာတွင် မိုင်းပွန်စော်ဘွားကြီးအား ရည်မှန်း၍ ဗေဒင်ဖြင့် တွက်ချက် ကြည့်ရှုရာ၊ နောက်ဆုံးပန်းပိုးကိုချ၍ မျက်မှောင်ကြုတ်နေရတော့သည်။

※ ※ ※

ပြည်ထောင်စု ခေတ်ဦးတည် ကာလ၊ လွတ်လပ်ရေးတိုက်ပွဲ၏ကြားကာလဖြစ်သော ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီ ၃၁ မိနစ်အချိန်တွင်၊ ရန်ကုန်မြို့ အတွင်းဝန်များရုံးခန်းမ၌၊ ဗိုလ်ချုပ်အောင်ဆန်း၊ မိုင်းပွန်စော်ဘွား အစရှိသော၊ မြန်မာနိုင်ငံ၏ ရှေ့တန်းနိုင်ငံရေးအမျိုးသား ခေါင်းဆောင်ကြီးများသည်၊ ပြည်ထောင်စုလွတ်လပ်ရေး လုပ်ငန်းရပ်များကိုချ၍၊ စုဝေးတိုင်ပင်နေစဉ်၊ လုပ်ကြံခံခဲ့ရပေ၏။ (လုပ်ကြံမှု)၏ ဂယက်ကား၊ ကမ္ဘာ့သမိုင်းတွင် ၂၀ ရာစု၏ ကြေကွဲဘွယ် ကဏ္ဍ၌၊ မှတ်တမ်း တင်ကြသည်။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ သမိုင်း၌ကား၊ ဝမ်းနည်းဘွယ် မင်္ဂလာမဲ့စက်ဖြင့် (အာဇာနည်နေ့ ဟူ၍၊ နိုင်ငံတော်အစိုးရက ပြန်တမ်းဝင် ရက်ထူးအနေဖြင့်၊ သတ်မှတ်ထားခဲ့သည်။

ဤသို့ ဝမ်းနည်းဘွယ် ဗိုလ်ချုပ်တို့နှင့်အတူ၊ တောင်ဝန်ကြီး၊ မိုင်းပွန် စော်ဘွား ကြီး စသော၊ အမျိုးသား

ခေါင်းဆောင်ကြီးများ၏ ကျဆုံးရခြင်းကို၊ "အကယ်၍ ကြေကွဲဝမ်းနည်း နှမြောတသကြသည့် လူထုကြီးသည် တောင်ပေါ်ဝယ်နေပြီးရကြလျှင်၊ တောင်ကြီးသည် နိမ့်၍ နိမ့်၍ကျကာ၊ မြေပြင် ဖြစ်သွားပေအံ့"-ဟု၊ ဥပမာ ပေးကြသည်။ ဗိုလ်ချုပ်တို့နှင့်အတူ လွတ်လပ်ရေးလမ်းခုလပ် ပြည်ထောင်စု ခေတ်ဦးတည်ကာလ၌ ကျဆုံးသွားသော မိုင်းပွန်စော်ဘွား၏ အတ္ထုပ္ပတ္တိ ဖြစ်စဉ် ကိစ္စသေသကို ရှုးစမ်းပေါ်ထုတ်၍ ဂုဏ်ပြုကြလျှင်ကား........

ရှေးခေတ်၊ အလောင်းစည်သူ မင်းကြီးသည်၊ တိုင်းခမ်းလှည့်လည်ရာ၊ ပုဏ္ဏရဇ္ဇဝတီချောင်းကို ပွန် (လွန်) မြောက်ချိန်၌၊ ရွှေဟင်္သာနှစ်ကောင်ကိုတွေ့၍၊ ဘုရားတည်ခဲ့လေသည်။ ၎င်းကိုအစွဲပြု၍၊ ပွန်ချောင်းဟူ၍၎င်း၊ ရွှေဟင်္သာဘုရားဟူ၍၎င်း ခေါ်တွင်ကြသည်။ ပုဏ္ဏရဇ္ဇဝတီ ရွာနယ်ကြီးကိုလည်း၊ ကာလ ရွေ့လျောသည့်အလျောက် (မိုင်းပွန်နယ်) ဟူ၍ ခေါ်ဆိုလာကြသည်။ မိုင်းမှာ ရှမ်းဘာသာဖြစ်၍၊ တိုက်နယ်ကြီးဟု အဓိပ္ပါယ်ရသည်။ ပွန်မှာ "ပွန်ချောင်း"ကို ဆိုလိုသည်။

ကောင်တန်းများ ပတ်လည် ဝန်းရံနေသည့် မိုင်းပွန် ( **Mong Pawn** ) နယ်၏ အကျယ်အဝန်းမှာ၊ စတုရန်းမိုင်ပေါင်း ၅၀၂ ရှိ၍၊ ၁၉၃၁ ခုနှစ် သန်းခေါင်စာရင်းအရ၊ လူဦးရေ ၂၃,၁၇၅ နေထိုင်ကြသည်။ နယ်ကြီး၏ တည်နေပုံမှာ၊ အရှေ့လားသော်၊ မောက်မယ်နှင့်မိုးနဲနယ်၊


တောင်သို့လားသော်၊ ဘန်းယဉ်-ဆီဆိုင်နယ်၊ အနောက်ဘက်တွင် ဟိုပုံးနယ်၊ မြောက်ဘက်တွင် လဲချား- လွယ်လင်နယ်ပင် ဖြစ်လေသည်။ မြို့တော်မှာ မိုင်းပွန်ဖြစ်၍၊ မိတ္ထီလာမှ ကျိုင်းတုံသွား မော်တော်ကားလမ်းပေါ်တွင်ရှိ၍၊ စတုရန်းမိုင် ၁ ၁/၂ မိုင်ပတ်လည် အကျယ်အဝန်းခန့်ဖြင့်၊ တဇင်ပုံသဏ္ဍာန် တည်ရှိနေပေသည်။ အိမ်ခြေ ၂၀၀ ကျော်ခန့်နှင့် လူဦးရေ ၅၀၀ ခန့် နေထိုင်ကြလေသည်။ မိုင်းပွန်မြို့၏ အရှေ့တောင်ဘက်တွင် ကန့်နံ့ရသည့် ဆေးရေပူကန်ရှိလေသည်။ အရေးရှိလျှင် အတိတ်နိမိတ်ပြလေ့ရှိသည်ဟု မြို့နယ်က သက်ဝင် ယုံကြည်သော နောင်လုံ အမည်ရှိ ရေကန်မှာ၊ မြို့၏ တောင်ဘက်တွင်ရှိသည်။ ရှေးအခါက မိုင်းပွန်နယ်မှာ ပုဏ္ဏရဋ္ဌဝတီရဋ္ဌဟု ခေါ်တွင်ထင်ရှားခဲ့၏။

မိုင်းပွန်နယ်၏ ထွက်ကုန်မှာ၊ သွပ်-ခဲ-သံ-ဓါတ်သတ္တုများ။ သနပ်ဖက်၊ (နပ်သုံးစပါး၊ ငြုပ်၊ ကြက်သွန်ဖြူ၊ အင်တွဲ၊ ချိတ်၊ လိမ္မော်၊ လဘက်ခြောက်၊ ဆေးသေး) တို့ဖြစ်၍၊ ရာသီဥတုမှာ ပြင်းထန်သည်။ သီတင်းကျွတ်လမှ နတ်တော် ပြာသိုလတိုင်၊ မိုးမြူနှင်းငွေ့များ ပိတ်ဆီးနေသည်မှာ၊ နံနက် ၁၁ နာရီအထိဖြစ်၍၊ ကျန်လများ၌ ၇ နာရီ၊ ၉ နာရီ အချိန်ထိဖြစ်သည်။ အပူချိန် ၈၀° မှ ၉၀° ကျော်ထိရှိ၍၊ အအေးချိန်မှာ ၃၅°-၃၄°-၃၀° အထိ ရှိရကား၊ ရေနံ့ဆီများပင် ခဲလေ့ရှိ၏။

လွယ်လင်မြို့ မြောက်ဘက် မိုင်းပွန် အနောက်တောင်ဘက်မှ သံလွင်မြစ်ထိ စီးဆင်းသွားသည့် ပွန်ချောင်းအကျယ်မှာ ၂၅′-၅၀′-၆၀′ ရှိ၍ ၂′ မှ ၂၀′ ထိ နက်သည်။ ၎င်းကို မိုင်းပွန်မြို့အနောက်ဘက် ၆ ဖါလုံအကွာတွင် တွေ့နိုင်ပေ၏။

ရှေးအခါက၊ မိုင်းပွန်နယ်အား၊ နယ်ချဲ့အင်္ဂလိပ်အစိုးရကို အလွန်မုန်း၍၊ အရာရှိကြီးများနှင့် ဘုကျလေ့ရှိသည့် စော်ဘွားကြီး စဝ်ခွန်ဘိုး အုပ်ချုပ်ခဲ့၏။ တခါသော် အင်္ဂလိပ်အစိုးရသည် မိုင်းပွန်နယ်၏မြေပုံအသေးစိတ်ကို တောင်းခံလာရာတွင်၊ စော်ဘွားကြီးသည် မြေပုံကို အချည်းမဆွဲမူဘဲ၊ ကြက်ဟင်းခါးသီးများကို ခွဲဖြမ်း၍ စကောတွင်ချောက်ပြကာ ''မိုင်းပွန်နယ်၏ တည်နေပုံကား ဤအတိုင်းပင် တောင်များ ဖိုင်းဖိုင်းနေသည်'' ဟု ပြောပြဘူးသည့်အပြင်၊ အလုပ်လက်မဲ့ ဆင်းရဲသားများအားလည်း လုပ်အားခကိုပို၍ရရှိနိုင်ရန် အစိုးရငွေဖြင့် လမ်းများကို တပိုင်းတစ ပေါက်လိုက်၊ ရပ်ပစ်လိုက်၊ အခြားသို့ အစမ်းပေါက်လိုက်စသည်ဖြင့် အကြောင်းအမျိုးမျိုးပြ၍ ဆင်းရဲသားများ၏ငွေပိုမိုရရှိရန်ဖန်တီးပေးနိုင်၍၊ အင်္ဂလိပ်အစိုးရအား အာခံခဲ့သည့်ပြင်၊ အရာရှိများ ဟော်သို့ ရောက်ရှိလာလျှင်၊ ၎င်းတို့၏ အသက်ကိုမေး၍ ''မင်းဟာ ငါ့သား၊ ငါ့တူအရွယ်လေးရှိပါသေးလား'' စသည်ဖြင့် ခေါင်းပုတ်၍ နှိမ်လေ့ရှိသည်။ ဤစော်ဘွားကြီး စဝ်ခွန်

ထီးသည်(ခြောက်ဆောင်) နန်းစိန်ဥနှင့် ၁၂၆၉ခု၊ နယုန်လပြည့်ကျော် ၅ ရက်နေ့တွင် အောက်ပါ ဇာတာရှင်သားယောကျ်ားကိုဖွါးမြင်သည်။ ဖွါးမြင်ချိန်၌(ဟင်းမိုင်း) ခေါ် မီးဖွား ဇိမ်အောက်သို့ ကျွားတကောင် ဝင်လေသည်။




သောကြာနေ့၊ ညဥ့် ၃ ချက်တီးကျော်အချိန်၊ အမိပတိ ဘွား၊ စဝ်သာထွန်း။

စဝ်သာထွန်းမှာ၊ နောင်-မိုင်းပွန် စော်ဘွားကြီး၊ စဝ်စံထွန်းဟူ၍ ထင်ရှားကာ၊ ပြည်ထောင်စု ခေတ်ဦးတည်ကာလဝယ်၊ ဗိုလ်ချုပ်တို့နှင့်အတူ ကျဆုံးခဲ့သော အမျိုးသား ခေါင်းဆောင်ကြီးပင် ဖြစ်တော့သတည်း။

စဝ်စံထွန်းမှာ ၅ နှစ်အရွယ်တွင် တရားမစာရေးကြီး ဦးစံပေထံတွင် မြန်မာအင်္ဂလိပ် စာပေအခြေခံကို ၂ နှစ် သင်ယူ၍၊ တောင်ကြီးမြို့ ရှမ်းစော်ဘွား ကျောင်းတွင် အင်္ဂလိပ် မြန်မာ ဒသမဆင့်ကို အောင်မြင်သည်။ ထို့မှ မိတ္ထီလာမြို့ စက်ရှင်မင်းကြီး ဦး ကျောက် တိုင် ထံ တွင်

၆ လ အလုပ်သင်ပြီး၊ မန္တလေးမြို့ ဆပ်ကျောင်းတွင် ရာဇဝတ်စုံစမ်းရေးကို ၆ လခန့် သင်ယူသည်။ ထိုမှ ဗန်းမော်မြို့တွင် အလုပ်သင် ဝန်ထောက်အဖြစ်ဖြင့် လုပ်ကိုင်ပြီး၊ တောင်ကြီးမြို့ ရှမ်းပြည် ကော်မီရှင်နာ ရုံးကြီးတွင် ခဏ္ဍ အလုပ် လုပ်ပြီးလျှင်၊ ၁၂၉၀ ပြည့်၊ ဝါဆိုလဆန်း ၁၁ ရက်နေ့၌ အခမ်းအနားဖြင့် ဟော်တက်ပွဲပြုလုပ်ကာ စော်ဘွားရာထူးကို ဆက်ခံရသည်။ ထိုမှ (မိုင်းပွန်စော်ဘွား) အမည်ဖြစ်ပေါ်လာသည်။ ၁၂၉၄ ခု၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့တွင်၊ မိုးမိတ်စော်ဘွားကြီး၏သမီး (ယခုနိုင်ငံခြားရေးဝန်ကြီး-ရှမ်းပြည်နယ်ဥက္ကဋ္ဌနှင့် ပြည်ထောင်စု-ဒု-ဝန်ကြီးချုပ် စဝ်ခွန်ချို၏နှမ)စဝ်ခင်သောင်းနှင့်လက်ထပ်မင်္ဂလာပြု၍၊ သားသမီး ၄ ယောက် ထွန်းကား၏။ စဝ်ခင်သောင်းမှာ ဂျပန်အပြေး၌ မိုင်းပွန်တွင် ကွယ်လွန်ခဲ့သည်။

မိုင်းပွန်စော်ဘွား စဝ်စံထွန်းသည်၊ စာဖတ်ဝါသနာပါသည့်ပြင်၊ သတ္တဗေဒနှင့် ရုက္ခဗေဒကို အထူးဝါသနာပါ၏။ ဂီတကိုလည်းနှစ်သက်ဝါသနာပါသည့်အလျောက် အတန်ပင်လိုက်စားခဲ့၏။ ကိုယ်ပိုင် စာကြည့်တိုက် ထားရှိပြီး စာဖတ်သည်။ ရှမ်းစာပေကို မိမိ၏ စာရေးကြီးများထံတွင် ထပ်မံ သင်ကြားပြန်သည်။ သတင်းစာများထဲမှ နှစ်သက်ရာ သတင်းများကို နေ့စဉ် နံနက် ၇ နာရီမှ ၉ နာရီ။ ည ၇ နာရီမှ ၉ နာရီ၊ တနေ့နှစ်ကြိမ်ကျ၊ မင်ရာခဲမှတ်ပြုပြီး၊ လူမျိုးတော် ကိုပုကို ဖတ်ခိုင်းလေ့ရှိသည်။

ကူးခြားသည့် သတင်းများကို ၂ ခေါက် ၃ ခေါက်မျှပင် ပြန်လည်၍ ဘတ်ခိုင်းလေ့ရှိသည်။ ခရစ်ယာန်သမ္မာကျမ်း စာများကိုလည်း အကျိုးအပြစ် ဝေဖန်နိုင်သည့် အဆင့် တိုင် လေ့လာဆည်းပူးခဲ့သည်။ နဂါးနီတိုက်ထုတ် နိုင်ငံ ရေး စာအုပ်များကို အထူး လေ့လာသည်။ စာရေးလျှင် အဆောတလျင် အဘည်ပြုလေ့မရှိ။ စာတစောင် ရေး ပြီးက၊ တညသားပြီးလျှင်၊ နံနက် တကြိမ် စိစစ်၍၊ ညနေ ပိုင်းတကြိမ် ပြန်လည် စစ်ဆေးကာ၊ အချောပြန်ကူးပြီး လျှင်၊ တညထားပြန်သည်၊ အရေးကြီးသည့် စာဆိုပါမူ၊ ၂ ညထားပြီးမှ လက်မှတ် ရေးထိုးကာ၊ အတည်ပြုလေ့ ရှိသည်။ စာကို လုံးချင်း စိစစ်လေ့ရှိ၏။

ကျန်းမာရေးကိုလည်း အထူးဂရုစိုက် အလေးပြုသည့် အလျောက်၊ နေ့စဉ်နံနက်စောစောထ၍၊ နှင်းထုသို့မဟုတ် မိုးရွာနေလင့်ကစား၊ အချိန်မှန်လမ်းလျှောက်လေ့ရှိသည်။ ပွန်ချောင်းတွင် ရေကူးလေ့ရှိရာ၊ တဖါလုံခန့်ကို အသွား အပြန် မရပ်မနားမူဘဲကူးခပ်နိုင်သည်။ ပိုလို၊ခရစ်ကက်၊ ဟော်ကီ၊ တင်းနစ်များကို ကစားလေ့ရှိသည့်ပြင်၊ ဘော လုံးကန်ရာ၌ (ဂိုးစောင့်)နှင့် ဘယ်ဝင်းတွင် များစွာကျွမ်း ကျင်၍ နာမည်ကြီး၏။ဆောင်းဥတု နံနက်ခင်းချိန်ဆိုလျှင်၊ ကန့်ရေပူကန်၌ ရေချိုးလေ့ရှိ၏။ စစ်မဖြစ်မီက ကမ္ဘာ့ ထဲကျော်များဖြင့် လူနာ ၆ဝ ခန့်ဆန့်သည့် ခေတ်မီ ဆေးရုံကြီးကို ကိုယ်တိုင်ကြွတ်မတ်၍၊ အစမှ အဆုံးတိုင် ဂရုစိုက်၍တက်ဆောက်ခဲ့၏။ (ယခု ပြည်သူ့ဆေးရုံ)

နံနက်ခင်း လမ်းလျှောက်စဉ်၊ ဈေးဆိုင်များသို့ဝင်၍၊ ဈေးနှုန်းများကို စနည်းနာကာ၊ ဈေးနှုန်းများကိုသတ်မှတ်ပြင်ပေးလေ့ရှိ၏။ ဥပမာ ၂ပိဿာခွဲဝင် သံပုန်းတပုန်းကို တောင်ကြီးမြို့ ပေါက်ဈေး ၃ ပဲဖြစ်၍၊ ဆိုင်ရှင်က ၄ ပဲ တောင်းလျှင်၊ တောင်ကြီးပေါက်ဈေးပေါ်ဝယ်၊ ၂ ပြားသာ အမြတ် တင်ထိုက်ကြောင်း ၃ ပဲ ၂ ပြားသာလျှင် ပေးမည်ဟူ၍၊ ဈေးဆစ်ဝယ်ကာ၊ အခြားသူများကိုလည်း ဤနှုန်းထားအတိုင်းပင် ရောင်းချရန် မှာထား၍ ဈေးနှုန်း ပြင်လေ့ရှိ၏။ အခါဈေးများတွင် လှူဘွယ် ဝတ္ထုများကို ကိုယ်တိုင် ဈေးထွက်ဝယ်လေ့ရှိ၏။ တန်ဆောင်မုန်းနှင့် တပေါင်းပွဲတော်များ၌၊ ရဟန်း သံဃာတော်များအား၊ ကပ်လှူရန် ဆွမ်းခဲဘွယ်များကို ကိုယ်တိုင် ကြပ်မတ်၍ ချက်ပြုတ်ပြီး၊ ကိုယ်တိုင် ကပ်လှူလေ့ရှိ၏။ ပွဲကြည့်ရာတွင် မြို့ပေါ်လူများထက်၊ တောရွာမှလာသောပရိသတ်များနှင့် ရောနှော၍ ကြည့်ရှုလေ့ရှိသည်။ ရက်ကြီး ရက်မြတ်များတွင်၊ မိုင်းပွန်မြို့ တောင်ဘက် ၃ မိုင်အကွာရှိ၊ (ဟွေးဂုတ်) ဘုရားဂူသို့သွားကာ၊ ဥပုသ်သီလ ဆောက်တည်လေ့ရှိသည်။ ခရီးထွက်လိုလျှင် မိဘအရုတ်ဂူကိုရင်း၊ ကိုးကွယ်သည့် ဆရာတော်ဘုရားကိုရင်း ကန်တော့ပြီးမှ ခရီးထွက်လေ့ရှိသည်။

လက်ဆွဲဘာဂျာကိုရင်း၊ ဝါးပတ္တလားကိုရင်း၊အလွန်နှစ်သက်သည့်အပျော်ကို တကိုယ်တည်းပင် နေလေ့ရှိသည်။ သိုင်း(လိုင်း)ကို ကျွမ်းကြင်လှသည်။ မြန်မာ နှစ်

သစ်ကူးသကြံနှံရက်များတွင် ပွဲတော်ရှာ ဘက်သို့ သွားရောက်၍ သိုင်းပညာကိုလေ့ကျင့်လေ့ရှိ၏။

ဆင် မြင်း ကျွဲ နွားများကိုလည်း၊ ကိုယ်တိုင် ခေတ်မှီ နည်းဖြင့် မွေးမြူခဲ့သည်။ စိုက်ပျိုးခင်းဥယျာဉ်ကို၊ သီဗွော်၊ ရှောက်ချို၊ ရှိန်းမို အပြင် ယူကာလစ်၊ သရက် စသည်ဖြင့် အမျိုးစုံစိုက်ပျိုးခဲ့ရာ၊ (ယခုတိုင် မြို့အဝင်ပေလမ်းတောင် ဘက်တွင် တွေ့မြင်နိုင်သည်။) ကြိုချက်အခုတ်မီးဖိုဖြင့် စံပြ ကြိုချက်နည်း ထွင်ခဲ့သည်။ ကော်ဖီထုပ်၊ နို့ကို ဥများကို ခေတ်မှီနည်းဖြင့် ကိုယ်တိုင် စိုက်ပျိုး၍ မြန်မာပြည်မ သို့ တင်ပို့ရောင်းချသူး၏။ ခေတ်မှီနည်းများဖြင့်သစ်သီးမျိုးစုံ ကောင်းမွန်၍ ပိုမို ကောင်း မွန်ရန် ထွင် ခဲ့၏။ ဥယျာဉ် ကျောင်း တောင်ဘက်တွင် ကညင်ပင်များကို စိုက်ပျိုး၍ ကညင်စီထုတ်ရန်ကြိုရွယ်ခဲ့သည်။ခေတ်မှီသောထောပတ် ကိုလည်း ကိုယ်တိုင်စံနစ်တကျချက်လုပ်ခဲ့၏။

မိုင်းပွန်စော်ဘွား စဝ်စံထွန်းသည် ငယ်စဉ် အခါက ဒူးနှစ်ဘက်ပေါ်တွင် ကြောင်ရုပ်ငယ်ကလေးတကောင်စီ ထိုးခဲ့သည်မှာ မသိတတ်၊ နားမလည်သေး၍ ထိုးခဲ့သည် စသည်ဖြင့်အကြောင်းပြ၍ အခြားသူများအား ထိုးကွင်း မင်ကြောင် ဆေးကြွားများထိုးမှုကို တားမြစ် ကန့်ကွက် လေ့ရှိ၏။

အရက်သေစာ၊ ဆေးလိပ်၊ ကွမ်းများကို လုံးဝရှောင် ကြဉ်ခဲ့ပေသည်။ ပေါင်းသင်းဆက်ဆံရာတွင် ချစ်ကြည်

ရေး မပျက်နိုင်ရန် ဟန်ဆောင်မှု ပြုနိုင်စွမ်းရှိ၏။ ဂျပန်ခေတ်တွင် ဂျပန်များက မြို့သူမြို့သားများအား ဆင့်ခိုင်းရာဝယ်၊ မြို့သူမြို့သားများကို ခိုင်းစရာမလိုပေ။ ထိုအခ သမျှ ပစ္စည်းများကို ဂျပန်စစ်သားများကိုယ်တိုင်သဘောရှိ ရှာဖွေယူနိုင်ကြောင်းဖြင့် တင်းခံခဲ့၍ ဂျပန်နှိပ်စက်မှုမှ မြို့သူမြို့သားများသက်သာခဲ့ဘူး၏။ တခါသော်၊ ဂျပန်စစ်ဗိုလ်များနှင့် စကားလက်ဆုံကျနေခိုက်ဝယ်၊ ဂျပန်စစ်ဗိုလ်များက အရက်မသောက်တတ်သော မိုင်းပွန် စော်ဘွားကြီးအား နှုတ်အဘင်း အရက်တိုက်လေသည်။ ထိုအခါ မိုင်းပွန်စော်ဘွားကြီးသည် မရှောင်သာသည့်အလျောက် အရက်ခွက်ကိုမြှောက်ကာ သောက်ဟန်ပြု၍ ဂျပန်များ အလစ်တွင် နောက်ပိုင်းရှိတပည့်များအားပေးလေတော့သည်။ ဂျပန်များက တိုကျိုမြို့သို့ဘိတ်ခေါ်ရာ၊ သွားမည့်ဟန်ဖြင့် တောင်ကြီးမြို့သို့ ခရီးထွက်ပြီးလျှင် ၁၅ ရက်အကြာတွင် မသွားဖြစ်ရန် ကြံဖန် လှည့်ပတ်၍ ရှောင်ခဲ့ဘူး၏။

ဂျပန်အပြေးကာလ၌ ဂျပန်များက ဘမ်းဆီးရန် ကြံစည်ရာ၊ မိုးနဲ့နယ် “ဟောကွပ်” အရပ်သို့ ဒုက္ခခံ၍သွားကာ၊ ၎င်းမှလေယာဉ်ဖြင့် မြစ်ကြီးနား ဗန်းမော် ဘက်သို့ တိမ်းရှောင်ခဲ့သည်။

ကမ္ဘာ့အခြေ၊ ဗမာ့အခြေရှမ်းပြည်အခြေကို ကြိုတင်တွက်ဆပြီး၊ နိုင်ငံရေးစာအုပ်များကို ကျနစွာ လေ့လာခဲ့ဘူးသည့် မိုင်းပွန် စော်ဘွားကြီးသည်၊ ၁၉၄၆ ခုနှစ်၊

နိုဝင်ဘာလ ၁၄ ရက်နေ့မှစ၍ (တောင်တန်း မြန်မာ ညီညွတ်ရေး) ကို ခရီးဖြင်းနှင့်လျှက်ဆောင်ရွက်သော ဗိုလ်ချုပ် အောင်ဆန်းနှင့် ရင်းနှီးစွာ ပေါင်း ဖက် မိ ကာ၊ တောင်တန်းမြေပြန့်ပူးပေါင်းမိရန်အစွမ်းကုန်ဟောပြောကြိုးစားသေတော့သည်။

ကျားထိုးရာ၌ ကျားကွက်ရှေ့နေရသူများက ခက်ခဲမှုကို မသိလိုက် နိုင်လည့် အလား၊ နယ်ချဲ့ အင်္ဂလိပ်နှင့် တောင်တန်းမြေပြန့်သား နိုင်ငံရေး ခေါင်းဆောင်များ၊ အရှုံး အနိုင် ကျား ကစားပွဲတွင် ကာယကံရှင် များက ဇောကြီးနေသည်နှင့်အမျှ ခက်ခဲမှုကိုအလေးမပြု ဂရုမမူမိပါလေစ၊ စသည့် ထိုကာလ ထိုအချိန်၏ နိုင်ငံရေးခရီးတာလမ်းကြမ်းမှုအား၊ အားမှမြင်ရချက်များကို သုံးသပ်ဖော်ပြမှုသာလျှင်၊ မရှိတော့ပြီ ဖြစ်သော ကျဆုံး ခဲ့ကြရသည့် ခေါင်း ဆောင်ကြီး များ၏ ကြိုးပန်းမှုတို့မှာ ပို၍ပေါ်လွင်ပေတော့မည်ဖြစ်၍ ရေးသားရပါမည်။

(တောင်တန်းမြေပြန့်ဟူ၍ပိုင်းခြားပြီး သွေးခွဲစံနစ်ဖြင့် မြန်မာနိုင်ငံအား အုပ်စိုးခဲ့သော နယ်ချဲ့သမားသည် ဒုတိယကမ္ဘာစစ်၌ အိန္ဒိယပြည်သို့ ဆုတ်ခွါသွားရ၍၊ ၁၉၄၄-၄၅ ခုနှစ် ဗြိတိသျှတပ်များ မြန်မာနိုင်ငံအား ပြန်လည်သိမ်းပိုက် နိုင်မည်ဟု ခန့်မှန်း မိချိန်တွင်၊ ဘိလပ်အစိုးရဗမာပြည်ဆိုင်ရာအတွင်းဝန်သည် ဆင်းမလားရှိ စစ်မြေဘုရင်ခံ ဆာဒေါမန်စမစ်ထံသို့ ''ဗမာပြည်အား ပြန်လည်

သိမ်းပိုက်မိပြီ၊အကယ်၍လက်လွှတ်လိုက်ရပါက ဗြိတိသျှ အင်ပိုင်ယာ၏ ကာကွယ်ရေး၊စီးပွားရေးအထောက်အပံ့ အလို့ငှါ”မြန်မာပြည်၏ ၃ ပုံ ၁ ပုံရှိသောတောင်တန်း ဒေသများကို ဗြိတိသျှ လက်အောက်၌ နှစ်ပေါင်း ၃၀ ထားရှိဦးမည် တည်းဟူသော အင်္ဂလိပ် အစိုးရတပ်များ ဝင်ရောက်လာသည်နှင့် တပြိုင်နက်၊ တောင်တန်းမြေပြန့် မပူးမိရန် နယ်ချဲ့အင်္ဂလိပ်မှာ အထူးပင် ကြိုးစား နေလေ တော့သည်။

တောင်တန်းဒေသအား ဗြိတိသျှတို့ အထူးစေတနာ ထားပါသည်ဟူ၍ အချို့ဖြင့်ရင်း၊ ငွေခွန်မှူး မြို့စား များကို စော်ဘွားဟူ၍ တဆင့်တိုးတက်ပြီး၊ ဗြိတိသျှတို့ မဆုတ် ၍ မိကပင် တိုးမြှင့် ပေးခဲ့ပါပြီ ဟူ၍ရင်း၊ ဗမာပြည်နှင့် ပေါင်းဘဲ ဗြိတိသျှဓနသဟာယ၌သီးခြားဒိုမိနီယံအဖြစ် နေပါလျှင် အခရေးပေါ် ပြန်လည်ထူထောင်ရေးအလို့ငှါ ဒင်္ဂါးပေါင်း ၁,၀၀၀,၀၀၀ ပေးပါမည်၊နောင် ကိုလည်း ဆက်တိုက်ပင်လိုအပ်သလို ငွေ၊ပစ္စည်း၊ပညာ သည်များ၊ ကာကွယ်ရေးများ စသည် ဖြင့် ပေး ကမ်း စောင့်ရှောက်သွားပါမည်။သီးခြားဒိုမိနီယံသူပြီး ဗြိတိသျှ ဓနသဟာယထဲမှာသာနေပါ စသည်ဖြင့် သကာရေ လောင်းသည် (ခြေထိုးမှု)များပြု၍၊ ရာဇဝင်မြေမဆည်နိုင် တော့တဲ့လျှက်မျက်နှာချိုအမျိုးမျိုးသွေးကာ၊တောင်တန်း မြေပြန့် မပူးပေါင်းမိရန် ခြေထိုးဇာတ်များ ခင်းနေပေ ၏၊ ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလတွင်ကျင်းပသည့်၊ ကရင်နီ

လွှယ်ကော်မြို့ ကလျှပွဲတော်သို့၊ ဥရောပ တိုက်သားများ အား လုံးဝ မဖိတ်ဘဲလျက်၊ စတီဗင်ဆင်သည် တက် ရောက်လာပြီး အစီအစဉ်မရှိသည့် အမှုကိစ္စများပြုကာ၊ ကရင်နီခေါင်းဆောင်များနှင့် ဗိုလ်ချုပ်၊ မိုင်းပွန်စော်ဘွား စသည့် ခေါင်းဆောင်ကြီးများနှင့် မတွေ့ဆုံနိုင်ရန် စီမံ လေသည်။ သို့သော် ဗိုလ်ချုပ်နှင့် မိုင်းပွန်စော်ဘွားကြီး တို့က အနိုင်ရခဲ့၏။

ဗိုလ်ချုပ်နှင့် မိုင်းပွန်စော်ဘွား စသည့် ခေါင်းဆောင် ကြီးများသည်၊ သမဂ္ဂနီ၊ တပေါ၊ သုခေါ၊ မွေ့ပဒပုဒ်နှင့် ထင်းစည်း ပုံပြင်များကို မှတည်ပြီး၊ ပြင်းထန်စွာ သွေး စည်းညီညွတ်မှုကို အထူး ကြိုးစားလုံးပမ်းမှု ပြုခြင်းတို့ ကြောင့်ပင်လျှင်၊ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် နေ့တွင် တောင်တန်းမြေပြန့်ပူးပေါင်းမိ၍၊ ကမ္ဘာကျော် ပင်လုံစာချုပ်ကို ချုပ်ဆိုကြသည်။ ထိုစာချုပ်တွင် လက် မှတ်ရေးထိုးရာ၌ မိုင်းပွန်စော်ဘွားကြီးလည်းပါဝင်ခဲ့၏။

၁၉၂၂ ခု၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍၊ ရှမ်း ပြည် ပဒေသရာဇ်အဖွဲ့ကို ဖွဲ့စည်းခဲ့ရာ၊ ပင်လုံစာချုပ် ချုပ်ဆိုပြီးချိန်တွင်၊ ယခင်ကအဖွဲ့အစည်းသည် ပျက်ပြုန်း ကျဆုံးသွားလေသည်။ယင်းသို့ကြောင့်လည်းနယ်ချဲ့များ၏ မက်လုံးပြမှုများမှာ အလဟဿ ဖြစ်သွားဘိတော့၏။

ထင်ကြေးနှင့်ကွာ၍၊ပရိယာယ်ကျဆုံးရခြင်းကိုမကြေ ခြမ်းနိုင်တော့သော နယ်ချဲ့ ကျွန်းနာဒိုသည်၊ တိုင်းရင်း သားချင်း ဗလုံးဗထွေး၊ သွေးချောင်းစီးကာ နိုင်ငံရေး

ရုပ်ထွေးမှု ဖြစ်ပေါ်လာစေရန်၊ မသမာ လူတရအား၊ ပယောဂသွင်း၍ (ရှေ့တန်းမှ ဆောင်ရွက်နေသော၊ တောင်တန်း မြေပြန့် နိုင်ငံရေးသမားများအား အကြမ်းနည်းဖြင့် လုပ်ကြံကာ အဆုံးစီရင်မှုကိုပြုစေတော့သည်)။

ထိုကြောင့်လည်း ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက် စနေနေ့၊ နံနက် ၁၀ နာရီခွဲခန့်တွင် ပြည်ထောင်စု ခေတ်ဦးတည်၊ အမျိုးသား ခေါင်း ဆောင် ကြီး များ ဖြစ်သော ဗိုလ်ချုပ်နှင့် မိုင်းပွန်စော်ဘွားကြီးတို့သည်၊ ခန္ဓာကြွေကျကာ၊ ကျဆုံးခဲ့ရသည်။

တောင်တန်း မြန်မာတိုင်းရင်းသား လူထုသည် ဝမ်းနည်းပက်လက်နှင့် ပြည်ထောင်စုကြယ်ကလပ်ဖြင့် အမျိုးသားခေါင်းဆောင်ကြီးများ၏သွေး၊ တိုင်းရင်းသားလူထုတို့၏ မျက်ရည်တို့ဖြင့် ခံယူပြီး၊ နယ်ချဲ့ကို တံ့ပြန် ကာ လွတ်လပ်ရေးကိုရယူခဲ့ကြ၏။

ယင်းကဲ့သို့၊ ပြည်ထောင်စု ကြယ်ကလပ်၌ သွေးစက်ဖြင့် ကျဆင်းပြီးအပ်သော ဗိုလ်ချုပ်တို့နှင့်အတူ ကျဆုံးရသည့်မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်းမှာ၊ ထိုအချိန်တွင် (အတိုင်ပင်ခံ တောင်တန်း ဒေသ ရေးရာဝန်ကြီး) ဖြစ်၏။ ဥပဓိရုပ်ရည်မှာ၊ မျက်နှာဝိုင်း၍၊နဖူးကျယ်၊နားရွက်ကြီး၍ကားသည်။ မျက်လုံးပြူး၏။ အသားမှာ နီရောင်သန်းပြီး ကျစ်၍ဝလေသည်။ အရပ်မှာ ၅ ပေ ၆ လက်မရှိ၏။

ရန်ကုန်မြို့၊အာဇာနည်ကုန်းတွင် ဗိုလ်ချုပ်တို့နှင့်အတူ ကျဆုံးခဲ့ပြီးသော ခေါင်းဆောင်ကြီးများ၏ အလောင်းကို

သင်္ဂြိုဟ်ပြီးနောက်၊ မိုင်းပွန်စော်ဘွား စစ်စံထွန်း၏ အလောင်းကို၊ ရန်ကုန်မြို့မှ၊ ရှမ်းပြည် မိုင်းပွန်မြို့သို့ ဆောင်ယူလာပြီး၊ ၁၃၁၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁ ရက်နေ့တွင်၊ ဒေသအလိုက် ထုံးတမ်းစဉ်လာ အခမ်းအနားဖြင့် ဖုတ်ကြည်းသင်္ဂြိုဟ်ပြီး၊ အရိုးပြာ တဝက်ကို မိုင်းပွန်မြို့ တောင်ဘက်ကုန်းတွင် အာဇာနည် ဗိမာန် ပြသာဒ်ဂူ တည်ဆောက် ထားကြသည်။ အရိုးပြာတဝက်ကို၊ ရန်ကုန်မြို့ အာဇာနည်ကုန်းတွင် ထားရှိလေသည်။

အိဘရာဟင် လင်ကွန်းသည်၊ အမေရိကန် ပြည်၏ တောင်ခြမ်း၊ မြောက်ခြမ်း တိုင်းရင်းသားများမညီညွတ်မှုကြောင့် ပြည်တွင်းစစ်ကြီး ဖြစ်ပေါ်လာသည်ကို ရပ်စဲရန် ကြိုးစားဆောင်ရွက်ရာ အောင်မြင်ခြင်းသို့ရောက်၏။ အောင်မြင်ပြီးသော ၆ ရက်မြောက်တွင် လူမသမာတို့၏ သေနတ်နှင့် ပစ်သတ်မှုကြောင့် ကျဆုံးခဲ့သည်ကို၊ အမေရိကန် နိုင်ငံရေးအား စစ်သဘော်ဟူ၍ဎင်း၊ အိဘရာဟင် လင်ကွန်းအား မာလိန်မှူးဟူ၍ဎင်း၊ ဥပစာ တင်စား၍ စစ်သဘော်ကြီးသည်၊ မတိမ်းမစောင်း ဆိပ်ကမ်းသို့ပင် လာနိုင်သော်လည်း၊ဎင်းအားဦးစီးသည့် မာလိန်မှူးသည် သဘော်ာ ကုန်းပတ် ပေါ်ဝယ်၊ အေးစက်သောကိုယ်နှင့် သေ၍ နေလေပြီ။ မာလိန်မှူး၏ နှလုံးသားမှ နီမြန်းသော သွေးသည် တစက်တစက်ကျရှိလေဘိတကား-ဟူသော ကဗျာများ၊ စာများဖွဲ့ဆိုကြသည့်အလား........

ဗိုလ်ချုပ်၊ မိုင်းပွန်စော်ဘွားကြီးတို့၏ သွေးစက်သည် ပြည်ထောင်စု ကြယ်ကလပ်တွင်းသို့ တစက် တစက် ကျနေသည့် စသည်ဖြင့် သုံးနှုန်းဖွဲ့ဆို ထားရှိကြသည်။ အင်းစိန်ခရိုင် တိုက်ကြီးမြို့နယ် ဥက္ကံမြို့၌ မိုင်းပွန် စော်ဘွားကြီးအား အမှတ်တရ၊ ရှမ်းအမျိုးသားများက (မိုင်းပွန် စာကြည့်တိုက်) ဟူ၍ အထိမ်းအမှတ်ဖြင့် ဂုဏ်ပြု တည်ထား ကြလေသည်။ (ပေါဟိတ်တန်းထီ၊ တန်းထီ စောင့်ပန်၊ ပေါဟိတ် - တန်းစ၊ ကြမ္မာစ - စောင်းပန်) မကောင်းသောအမှုသည်၊ မကောင်းရာကိုသာ ပေးတတ် ၍၊ ကောင်းစွာလူထုနိုင်ငံအကျိုးကိုပြုခြင်းသည်၊ ကောင်း ရာ သုဂတိသို့လားတတ်သည်ဟူသော အဆိုနှင့်လျော်ညီ စွာ၊ ဗိုလ်ချုပ်နှင့်အတူ ကျဆုံးခဲ့ပြီးသော (ပိုလုံစေးတိုင်း လွိုင်ပေါင်း) တောင်ပေါ်မှ အာဇာနည်ထူးမြတ် ရှေ့ တန်းခေါင်းဆောင်ကြီး မိုင်းပွန်စော်ဘွားသည် (တန်းထီ စောင့်ဖန်)တည်းဟူသော သုဂတိသို့ လားကြပေသည်ဟု သက်ဝင်ယုံကြည်နေကြပေသတည်း။

နိုင်ငံတော် ပြန်ကြားရေးဌာနမှ၊ ဓါတ်ပြား
သွင်းထားသည့်၊ ဗိုလ်ချုပ်တို့နှင့်အတူ
ကျဆုံးခဲ့ပြီးသော

# မိုင်းပွန်စော်ဘွားကြီး၏

## တိုင်းရေးပြည်ရာ မိန့်ခွန်း

(ရှမ်းဘာသာ ဓါတ်ပြားမှ မြန်မာဘာသာပြန်ဆိုချက်)

ပထာဝမအားဖြင့်၊ ကျောင်းပပြီးစီးခဲ့တဲ့ အစည်းအဝေး ပွဲကြီးအကြောင်းနှင့် ရှေ့အတို့ ဆောင်ရွက် သွားရမဲ့ လုပ်ငန်းစဉ်အရပ်ရပ်တို့၏ အကြောင်းချင်းရာစုကို၊ ရှမ်းပြည်မှာရှိကြတဲ့ ပြည်သူပြည်သား အများကလဲ သိရှိလို ကြမည်။ သိရှိရန်အတွက် ဒီနေ့ အသံလွှင့် ဌာနမှနေပြီး စကားပြောဆိုခြင်းဖြစ်တယ်။

အထူး အကြောင်းကတော့ အများသဘောတူ ရယူ ခဲ့တဲ့ ပင်လုံစာချုပ်ကြီးကို သတိရဘို့ အကြောင်းဘဲဖြစ် ဘယ်။ ပင်လုံ စာချုပ်ကြီးအတိုင်းလိုက်နာပြီး စော်ဘွား များ၊ ပြည်သူပြည်သားများ၊ ချင်း၊ ကချင်စတဲ့ တောင် တန်းသားသွေးချင်းများ၊ တစုတရုံးတည်း ညီညွတ်မှုဖြစ် ၍၊ ဗမာပြည်မနဲ့ပူးပေါင်းပြီး ဆောင်ရွက်ရင် လွတ်လပ် ရေးဟာ အမြန်နဲ့အမှန် ဧကန်ရရှိပေထိမ့်မယ်။

လွတ်လပ်ရေးကြီးရဘို့လဲ ပင်လုံစာချုပ်ကို ပြည်သူ ပြည်သားများ၊ တောင်တန်းသားများ နှင့် စော်ဘွားများက၊ သောင်းသောင်းဖျဖျထောက်ခံခဲ့ကြပြီးဖြစ်တယ်။ ဤကဲ့သို့ညီညွတ်သောင်းဖျစွာနဲ့ ထောက်ခံကြလို့ ပင်လုံစာချုပ်ကြီးအရ၊ အများဆန္ဒနဲ့ဘဲ ကျွန်ုပ်မှာ တောင်တန်းဒေသဆိုင်ရာ အတိုင်ပင်ခံဝန်ကြီးဖြစ်လာရတယ်။

ပင်လုံ စာချုပ်ကြီးပါ စည်းကမ်းချက်များအရ၊ တသဝေမတိမ်းလိုက်နာပြီး ဗမာပြည်မှ ဝန်ကြီးများနဲ့ အတူ ပူးပေါင်းပြီးတော့ စာချုပ်ကို လေးစားစွာနဲ့ အားသွန် ကြိုးပန်း နေကြပါတယ်။ တန်ရူးလတုန်းက တောင်တန်းဒေသ စုံစမ်းရေးကော်မတီဖွဲ့ပြီး စုံစမ်းရေး ကော်မတီရဲ့ အစီရင်ခံချက်ထောက်ခံစာအရ၊ ရှမ်းပြည် အတွက် ၂၆ ဦး ကော်မတီတရပ်ကို ဖွဲ့စည်းခဲ့တယ်။ ဒီ ၂၆ ဦး ကော်မတီဟာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ရေးဆွဲဘို့ဘဲ။

တန်ရူးလတုန်းက စုံစမ်းရေးကော်မတီ မေမြို့ကို ရောက်တော့၊ လူထုကြီးက လွတ်လပ်ရေးကို ဗမာပြည် မနဲ့ ပူးပေါင်းပြီး ရယူကြဘို့ အင်တိုက်အားတိုက် ထောက်ခံခြင်း ပြုကြတယ်။ တချို့က ကော်မတီကို (ရှမ်းဟာ ဗမာနဲ့ပေါင်းရင် ဗမာ့ကျွန်ဖြစ်သွားလိမ့်မယ်) လို့ ပြောဆိုကြကြောင်းလဲ ကြားသိရတယ်။

ဒါဟာ အရှင်းသားဘဲ။

လွတ်လပ်ရေးကြီးရတဲ့လဲ ပင်လုံစာချုပ်ကို ပြည်သူပြည်သားများ၊ တောင်တန်းသားများနှင့် စော်ဘွားများက၊ သောင်းသောင်းဖျဖျထောက်ခံခဲ့ကြပြီးဖြစ်တယ်။ ဤကဲ့သို့ညီညွတ်သောင်းဖျစွာနဲ့ ထောက်ခံကြလို့ ပင်လုံစာချုပ်ကြီးအရ၊ အများဆန္ဒနဲ့ဘဲ ကျွန်ုပ်မှာ တောင်တန်းဒေသဆိုင်ရာ အတိုင်ပင်ခံဝန်ကြီးဖြစ်လာရတယ်။

ပင်လုံ စာချုပ်ကြီးပါ စည်းကမ်းချက်များအရ၊ တသဝေမတိမ်းလိုက်နာပြီး ဗမာပြည်မှ ဝန်ကြီးများနဲ့ အတူ ပူးပေါင်းပြီးတော့ စာချုပ်ကို လေးစားစွာနဲ့ အားသွန် ကြိုးပန်း နေကြပါတယ်။ တန်ဘူးလတုန်းက တောင်တန်းဒေသ စုံစမ်းရေးကော်မတီဖွဲ့ပြီး စုံစမ်းရေးကော်မတီရဲ့ အစီရင်ခံချက်ထောက်ခံစာအရ၊ ရှမ်းပြည်အတွက် ၂၆ ဦး ကော်မတီတရပ်ကို ဖွဲ့စည်းခဲ့တယ်။ ဒီ ၂၆ ဦး ကော်မတီဟာ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ရေးဆွဲဘို့ဘဲ။

တန်ဘူးလတုန်းက စုံစမ်းရေး ကော်မတီ မေမြို့ကို ရောက်တော့၊ လူထုကြီးက လွတ်လပ်ရေးကို ဗမာပြည်မနဲ့ ပူးပေါင်းပြီး ရယူကြဘို့ အခင်တိုက် အားတိုက် ထောက်ခံခြင်း ပြုကြတယ်။ တချို့က ကော်မတီကို (ရှမ်းဟာ ဗမာနဲ့ပေါင်းရင် ဗမာ့ကျွန်ဖြစ်သွားလိမ့်မယ်) လို့ ပြောဆိုကြကြောင်းလဲ ကြားသိရတယ်။

ဒါဟာ အရှင်းသားဘဲ။

နယုန်လဆန်း ၈ ရက်နေ့မှာကျင်းပတဲ့ တိုင်းပြုပြည်ပြု လွှတ်တော်အစည်းအဝေးပွဲကြီးမှာ နေဝင်တော် ညောင်ရွှေ စော်ဘွားကြီးကိုယ်တိုင်........

"ကျုပ်တို့ တတွေဟာ ကုလားဖြူရဲ့ကျွန် ဖြစ်လာလာရတာ ဖါးနေပြီမို့၊ ရှေ့ကာလအတွက် မည်သူ့ကျွန်မှ မဖြစ်သိုတော့ဘူး"လို့ လွတ်လပ်ရေးကိုသာလျှင် ရလိုကြောင်း မြွက်ကြားခဲ့ပြီးသားဘဲ။

အခြေခံ ဥပဒေကို ရေးဆွဲရာမှာ ဗိုလ်ချုပ်ကြီး ဦးအောင်ဆန်းဟာ ဦးစီးခေါင်းဆောင်ပြီး ပြုလုပ်တယ်။ ဗိုလ်ချုပ်ကြီး တင်သွင်းတဲ့ ဥပဒေအဆိုကို ကြားပြီးကြလိမ့်မယ်။ ထပ်မံပြောရရင် အဆိုအမှတ် ၂ မှာ "ရှမ်းပြည်ဟာတော့ ချမှတ်ထားတဲ့ ဥပဒေအတိုင်း တည်နေမယ်။ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ရဲ့ဥပဒေကတော့ ဖဆပလ အတွက်ဘဲ ဖြစ်လိမ့်မယ်" ဆိုတာဘဲ၊ ကျွန်ုပ်တို့က အလုံးစုံ လိုက်နာရန်မဟုတ်ဘူး။

ဗိုလ်ချုပ် ဦးအောင်ဆန်း ဦးဆောင်တဲ့ ဗမာပြည်မ ကော်မတီနဲ့ ရှမ်းခေါင်းဆောင် ကော်မတီတွေ တွေ့ဆုံကြပြီး ဆပ်ကော်မတီ အရပ်ရပ်ကို ဖွဲ့စည်းပြီးတော့ အလုပ်ကို အချိုးကျ တာဝန်သူနေကြရပြီ။

ဆွေးနွေး ပြုလုပ်တဲ့နေရာမှာ အစဉ်ဘဲ ချိန်ခွင်လျှာလို သမာသမတ်ဖြစ်ရန် ကျွန်ုပ်တို့ ကြိုးစား နေကြပါတယ်။ အရပ်ရပ်ဆပ်ကော်မတီက စီစဉ်တဲ့အချင်းအရာတွေကို ဇူလိုင်လ လွှတ်တော်ကြီးမှာတင်သွင်းပါ့မယ်။ ရှမ်းပြည်

အတွက် ၂၆ ဦးကောင်မတီများ သဘောချင်းမတိုက်ဆိုင်ကြရင် ဘာအလုပ်မှ လုပ်နိုင်ခွင့်မရှိဘူး။


အထူးနောက်ဆုံးပြောလိုတဲ့အချက်တချက်မှာ ဥက္ကဋ္ဌ သခင်နု ဘိလပ်သွားနေစဥ် နောင်တော် ညောင်ရွှေစော်ဘွားကြီး စောဝ်ရွှေသိုက်ကို ဥက္ကဋ္ဌနေရာမှာ အများသဘောတူ တင်မြှောက်ကြခြင်းကို ဂုဏ်ယူကြတိုဘဲ။

ကျွန်ုပ်တို့၏ ၂၆ ဦး ကောင်မတီဟာ ရှမ်းပြည် ကြီးကြီးပွားတိုးတက်၍ အကျိုးရှိရန်ကိုသာ အထူးဘဲ ကြိုးစား ဆောင်ရွက် နေကြပါတယ်။ တာဝန်တွေဟာလဲ အင်မတန်ဘဲ ကြီးလေးပါတယ်။ ဒါကြောင့် ရှေ့ကာလအဘို့ အောင်မြင်စွာဆောင်ရွက်သွားနိုင်ကြရန် ပြည်သူအများက ဝိုင်းဝန်း ထောက်ခံ အားပေးကြဘို့ နှိုးဆော်ချုပ်အားဖြင့် မေတ္တာရပ်ခံလိုက်ပါတယ်။


(ညီနှင့် အတွင်းဝန် စဝ်စိုးကြည်တို့ မြန်မာဘာသို ပြန်ဆိုကြသည်)။



မိုင်းပွန် စာကြည့်တိုက်။



စဝ်စံထွန်း ဇနီးနှင့် သားသမီးများ



ရှမ်းပြည်တောင်ပိုင်း မိုင်းပွန်မြို့
တောင်ဘက်ကုန်းတွင် တွေ့မြင်ရသော
ဗိုလ်ချုပ် တို့နှင့် အတူ ကျဆုံး ခဲ့ သည့်
မိုင်းပွန်စော်ဘွား စဝ်စံထွန်း၏
အာဇာနည် ပြဿဒ် ဗိမာန်

SHAN LITERARY SOCIETY

UNIVERSITY OF RANGOON.